ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော်အစိုးရ

စီးပွားရေးနှင့်ကူးသန်းရောင်းဝယ်ရေးဝန်ကြီးဌာန

ကုန်သွယ်ရေးဦးစီးဌာန

# ဆန်နှင့်ဆန်ကွဲ ပြည်ပတင်ပို့ခွင့် လိုင်စင်ခွင့်ပြုမည့် လုပ်ထုံးလုပ်နည်းပါ စည်းကမ်းချက်ပြင်ဆင်သောသတင်းလွှာ (၇/၂၀၂၀)

ရက်စွဲ၊ ၂၀၂၀ ပြည့်နှစ် မေလ ၉ ရက်

အကြောင်းအရာ။ **သတင်းလွှာ ၅/၂၀၂၀ ဖြင့်ထုတ်ပြန်ထားသော ဆန်နှင့်ဆန်ကွဲပြည်ပတင်ပို့ခွင့် လိုင်စင်ခွင့်ပြုမည့် လုပ်ထုံးလုပ်နည်းပါစည်းကမ်းချက် ပြင်ဆင်ထုတ်ပြန်ခြင်း**

၁။ ကမ္ဘာနှင့်အဝှမ်းဖြစ်ပေါ်လျက်ရှိသော Coronavirus Disease 2019(COVID-19) ကာလအတွင်း ဆန်နှင့် ဆန်ကွဲ ပြည်ပသို့တင်ပို့မည့်လုပ်ငန်းအစီအစဉ်နှင့်စပ်လျဉ်း၍ တင်ပို့ခွင့်လိုင်စင်လျှောက်ထားသူများအနေဖြင့် လိုက်နာဆောင်ရွက်နိုင်ရန် ပြည်ပတင်ပို့ခွင့်လုပ်ထုံးလုပ်နည်းကို သတင်းလွှာ (၅/၂၀၂၀)ဖြင့် ထုတ်ပြန်ခဲ့ပါသည်။ အဆိုပါလုပ်ထုံးလုပ်နည်း အပိုဒ် ၅ တွင် "လစဉ် လိုင်စင်လျှောက်ထားခြင်းမရှိဘဲ နှစ်လ/သုံးလအတွက် ပို့ကုန်လိုင်စင်ကို တစ်ပေါင်းတည်း လျှောက်ထားခြင်း၊ ကျော်လွန်သွားသည့်ကာလအတွက် ပြန်လည်လျှောက်ထားခြင်းများကို ခွင့်ပြုသွားမည်မဟုတ်ပါ" ဟုဖော်ပြထားပါသည်။

၂။ သို့သော်လည်း လက်ရှိဆန်တင်ပို့မှုအခြေအနေအနေအရ ဆန်တင်ပို့သူများအနေဖြင့် ပြည်ပဆန်ဝယ်နိုင်ငံများနှင့် ချုပ်ဆိုသည့် ဆန်အရောင်းအဝယ်စာချုပ်ပါအတိုင်း အပြည့်အဝလွယ်ကူစွာတင်ပို့နိုင်ရေး၊ ဆန်သင်္ဘောတင်မှုတွင် အချိန်နှောင့်နှေးမှုအခက်အခဲမရှိစေရေး၊ ပွင့်လင်းရာသီချိန်အတွင်း လုပ်ငန်းတွင်ကျယ်စွာဆောင်ရွက်နိုင်ရေးတို့အတွက် သတင်းလွှာ(၅/၂၀၂၀)ပါ လုပ်ထုံးလုပ်နည်း အပိုဒ် ၅ အား အောက်ပါအတိုင်း ပြင်ဆင်ထုတ်ပြန်လိုက်သည်-

> "ဆန်နှင့်ဆန်ကွဲတင်ပို့ခွင့်လိုင်စင်ခွင့်ပြုမည့် လုပ်ထုံးလုပ်နည်းပါ သတ်မှတ်ကာလအတွင်း တင်ပို့ခွင့်ပြုရန် အမြင့်ဆုံးလျာထားသည့်ဆန်နှင့်ဆန်ကွဲတန်ချိန် ၆ သိန်း အတွင်း တင်ပို့ခွင့်ရရှိသူသည် လစဉ်တင်ပို့ခွင့်ရရှိသည့် အရေအတွက်ပမာဏကို ဆန်/ဆန်ကွဲတင်ပို့ခွင့် ပို့ကုန်လိုင်စင်လျှောက်ထားရာတွင် နှစ်လအတွက် တစ်ပေါင်းတည်းလျှောက်ထားနိုင်သည်"

ကုန်သွယ်ရေးဦးစီးဌာန

D:\Policy Department\Policy-3\2019-2020\Office Letter 1\Department LH (March)\အီးလုပ်အာရပ်